# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
# DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏
## ဝမ်းနည်းကြောင်းသဝဏ်လွှာ

ကယန်းပြည်သစ်ပါတီ ဥက္ကဌကြီး ဝိန်းကယန်းထန် (ခ) ဦးရွှေအေး ကွယ်လွန်သည့်သတင်းကို ကြားသိရသည့်အတွက် ကျွန်တော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဝင်ထုတစ်ရပ်လုံးက ကယန်းအမျိုးသားပြည်သူများ၊ ကယန်းပြည်သစ်ပါတီနှင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ယနေ့ကဲ့သို့ အလှည့်အပြောင်းတစ်ခုဆီသို့ဦးတည်နေသည့်အချိန်မျိုးတွင် မှ ကယန်းပြည်သစ်ပါတီဥက္ကဌကြီး ကွယ်လွန်ရခြင်းဖြစ်သည့်အတွက် ပို၍နှမြောတသဖြစ်ရပါသည်။

သို့သော်လည်း ကယန်းအမျိုးသားပြည်သူအပေါင်းတို့သည် ကယန်းပြည်သစ်ပါတီဥက္ကဌကြီး ညွှန်ပြရှေ့ဆောင်ခဲ့သော တော်လှန်သည့် လမ်းကြောင်းမှန်ပေါ်တွင် ကယန်းပြည်သစ်ပါတီ၏ ဦးဆောင်မှုဖြင့်တစည်းတလုံးတည်း တည့်မတ်ခိုင်ကြည်စွာ ဆက်လက်ချီတက်သွားနိုင်လိမ့်မည်ဟု ကျွန်တော်တို့ပါတီက အလေးအနက်ယုံကြည်ပါသည်။

ဒီမိုကရေစီတော်လှန်ရေးနှင့် ကယန်းအမျိုးသားပြည်သူများ၏ နိုင်ငံရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှုစသဖြင့်အဖက်ဖက်က ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကယန်းပြည်သစ်ပါတီဥက္ကဌကြီး၏ စဉ်ဆက်မပြတ်ဆောင်ရွက်ကြိုးပမ်းခဲ့မှုများကို လေးစားဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ထို့အပြင် ကယန်းဒေသအတွင်း ကျွန်တော်တို့ပါတီ၏ ကိုယ်စားလှယ်အဖွဲ့ သွားရောက်လှုပ်ရှားခဲ့စဉ်အတွင်း အဖက်ဖက်က ကူညီဆောင်ရွက်ပေးခဲ့ကြသော ကယန်းပြည်သစ်ပါတီခေါင်းဆောင်များ၊ ပါတီဝင်များ၊ တပ်ဖွဲ့ဝင်များ၊ ကယန်းအမျိုးသား ပြည်သူများကို ကျွန်တော်တို့ပါတီက ထာဝရ အမှတ်ရနေမှာဖြစ်ပါသည်။

ဒီမိုကရေစီအရေးနှင့် လူမျိုးပေါင်းစုံ ပြည်သူများလွတ်မြောက်ရေးကြိုးပမ်းမှုများတွင် ကယန်းပြည်သစ်ပါတီ၊ ကယန်းအမျိုးသားပြည်သူများနှင့်အတူ ကျွန်တော်တို့ပါတီက ပူးပေါင်းဆောင်ရွက်သွားရန် အမြဲအသင့်ရှိပါကြောင်း ထပ်လောင်း အတည်ပြုအပ်ပါသည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်။

P.O Box 50, Mae Sod, Tak Province, 63110 Thailand. Tel/Fax: 66 55 546 581